# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 10 , 2025 Volume 97 , Number 8


| ၁၀-၁၂-၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၆.၇၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၁.၀၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၂.၈၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၁.၃၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၀၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၁.၀၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၉၀ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့၊ ၁၃ : ၀၀ နာရီအချိန်တွင် ရုံးအမှတ် ၃၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ ၂ ၌ ကျင်းပပြုလုပ်ခဲ့ရာ အစိုးရ-ပုဂ္ဂလိကကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးချစ်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အမှာစကားပြောကြားရာ၌ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ လုပ်ငန်းတာဝန်တွင် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးမှုကို ရှေးရှုသော ရေတိုရေရှည် မဟာဗျူဟာနှင့်နည်းဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ထိန်းကျောင်းလမ်းညွှန်မှုပြုရန် ဖော်ပြထားရှိရာ ကောင်စီအဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်နိုင်မည့်လုပ်ငန်းစီမံချက် ( Plan of Action ) များကို ပြင်ဆင်ရေးဆွဲထားသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ နှင့် လိုက်လျောညီထွေဖြစ်အောင် ရေးဆွဲကြရန် လိုအပ်ကြောင်း၊ ပြည်ပနိုင်ငံများသို့ဈေးကွက်ဝင်သော ပို့ကုန်များပိုမိုတင်ပို့နိုင်ခြင်းသည် ထုတ်ကုန်ထုတ်လုပ်သော နိုင်ငံသားတို့၏ စွမ်းဆောင်ရည်မြင့်တက်လာခြင်း

ကြောင့်ဖြစ်၍ ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ ကုန်ထုတ်လုပ်သည့် စက်ယန္တရားများ ကောင်းမွန်ရေးနှင့် ထုတ်လုပ်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် နိုင်ငံတော်မှ ချေးငွေများပေးအပ်ခြင်း၊ စက်ယန္တရားများ တင်သွင်းခွင့်ပြုခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်အောင် စီမံခြင်းတို့ကို ကွင်းဆက်လုပ်ငန်းစဉ်တစ်ခုအနေဖြင့် စီမံပေးလျက်ရှိကြောင်း၊ ကောင်စီအဖွဲ့ဝင်များ အနေဖြင့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များအပေါ် ကဏ္ဍအလိုက် ချိတ်ဆက်မိအောင် ပံ့ပိုးပေးကြရန် လိုအပ်ပါကြောင်း၊ ကဏ္ဍများအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးကို ရှေးရှုပြီး လိုအပ်သည့် လမ်းညွှန်မှုများကို အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီက ပံ့ပိုးပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးဟန်ဝင်းအောင်က အမှာစကားပြောကြားပြီး၊ အတွင်းရေးမှူး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီအဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြမှုများအပေါ် အစိုးရ-ပုဂ္ဂလိကကုန်သွယ်မှု မြှင့်တင်ရေးကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးဟန်ဝင်းအောင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အစိုးရ-ပုဂ္ဂလိကကုန်သွယ်မှု မြှင့်တင်ရေးကောင်စီအဖွဲ့ဝင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**Source:** https://myantrade.gov.mm/article/Naypyitaw_STP%2010.12.2025%2012:00%20pm

## နိုဝင်ဘာလစတုတ္ထပတ်တွင် ကုလားပဲဈေးအနည်းငယ်ကျ



ကုလားပဲသီးနှံမှာ ပြည်တွင်းစားသုံးမှုများခြင်းနှင့် ပြည်ပတင်ပို့သည့် ပဲတစ်မျိုးဖြစ်ပြီး၊ မန္တလေးတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ကုလားပဲစိုက်ပျိုးမှု (၂၃၇,၇၄၇) ဧ က ဖြစ်ကြောင်း သိရပါသည်။ မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းတွင် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ စတုတ္ထပတ်အတွင်း ဖြစ်ပေါ်လျက်ရှိသည့် ၃ တင်းဝင်တစ်အိတ်လျှင် ကုလားပဲ (V-2) ၂၃၅ ,၀၀၀ ကျပ်၊ ကုလားပဲ(V-7) ၂၂၄,၀၀၀ ကျပ်၊ ကုလားပဲ (ထိုင်ဝမ်) ၂၂၈,၀၀၀ ကျပ်၊ ကုလားပဲ (929) ၂၃၅,၀၀၀ ကျပ်နှင့် ၂၃၇,၀၀၀ ကျပ်၊ တစ်ပိဿာပေါက်ဈေးမှာ ကုလားပဲ (V-2) ၄၁၀၅ ကျပ်၊ ကုလားပဲ (V-7) ၃၉၁၃ ကျပ်၊ ကုလားပဲ (ထိုင်ဝမ်) ၄၀၅၃ ကျပ်၊ကုလားပဲ (929) ၄၁၇၈ နှင့် ၄၂၁၃ ကျပ်တို့ဖြစ်ပြီး၊ ယခင်နှစ်ကာလတူ တစ်ပိဿာဈေးမှာ ကုလားပဲ (V-2) ၅၂၄၀ ကျပ်နှင့် ၅၂၇၅ ကျပ်၊ ကုလားပဲ (V-7) ၄၈၉၁ ကျပ်၊ ကုလားပဲ (ထိုင်ဝမ်) ၄၉၇၈ ကျပ်၊ ကုလားပဲ (929) ၅၁၂၀ ကျပ်နှင့် ၅၁၅၆ ကျပ်ဈေးတို့ ဖြစ်ပါသည်။ ယခုနှစ်နှင့်ယခင်နှစ် ကာလတူပေါက်ဈေးနှိုင်းယှဉ်ပါက ကုလားပဲဈေးမှာ အနည်းငယ်ကျဆင်းသွားကြောင်း သိရှိရပါသည်။

**Source:** https://www.doca.gov.mm

https://myantrade.gov.mm/article/naypyitaw_09122025%201345

## နိုဝင်ဘာလစတုတ္ထပတ်ရှိ မန္တလေးပဲယင်းကြီးဈေးကွက်




ပဲယင်းသီးနှံမှာ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပသို့တင်ပို့သည့်ဈေးကွက်ဝင် ပဲအမျိုးအစားဖြစ်ပြီး၊ မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ်၊ ပဲယင်းသီးနှံ အပါအဝင် ပဲမျိုးစုံစိုက်ပျိုးမှုမှာ (၁,၀၁၉,၄၇၇) ဧကဖြစ်ကြောင်း သိရပါသည်။ မန္တလေး ပွဲစား၊ ကုန်သည်၊ စက်ပိုင်များမဟာကထိန်တော်အသင်းတွင် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ စတုတ္ထပတ်အတွင်း ဖြစ်ပေါ်လျက်ရှိသော ပေါက်ဈေးမှာ ၃ တင်းဝင်တစ်အိတ်လျှင် ပဲယင်း (နီ) ၂၂၀,၀၀၀ ကျပ်နှင့် ၂၂၅,၀၀၀ ကျပ်၊ ပဲယင်း (ကြီး) ၂၁၀,၀၀၀ ကျပ်နှင့် ၂၁၅,၀၀၀ ကျပ်၊ တစ်ပိဿာဈေးမှာ ပဲယင်း (နီ) ၃၆၆၇ ကျပ်နှင့် ၃၇၅၀ ကျပ်၊ ပဲယင်း (ကြီး) ၃၅၀၀ ကျပ်နှင့် ၃၅၈၃ ကျပ်တို့ဖြစ်ပြီး၊ ယခင်နှစ်ကာလတူ တစ်ပိဿာဈေးမှာ ပဲယင်း (နီ) ၄၂၅၀ ကျပ်နှင့် ၄၃၃၃ ကျပ်၊ ပဲယင်း (ကြီး) ၄၀၈၃ ကျပ်နှင့် ၄၁၃၃ ကျပ်တို့ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။ ယခုနှင့်ယခင်နှစ် ကာလတူပေါက်ဈေးနှိုင်းယှဉ်ပါက ဈေးအနည်းငယ် လျော့နည်းသွားကြောင်း သိရှိရပါသည်။

**Source:** https://www.doca.gov.mm

https://myantrade.gov.mm/article/naypyitaw_09122025%201342

## ဒေါ်လာ ၅၇ သန်းကျော် ပမာဏရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်

အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၂၉၈ သန်း ပမာဏရှိတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ကနေ သိရပါတယ်။

ဆောင်ရွက်ဆဲ လုပ်ငန်းတွေရဲ့ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် (၅)ခု ဝင်ရောက်ခဲ့တာဖြစ်ပြီး ဒီဇင်ဘာ ၈ ရက်နေ့က ကျင်းပခဲ့တဲ့ ကော်မရှင်ရဲ့ (၆/၂၀၂၅) အစည်းအဝေးမှာ ခွင့်ပြုပေးခဲ့ပါတယ်။ ဒါ့အပြင် ခွင့်ပြုပေးခဲ့တဲ့အထဲမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုတွေလည်းပါဝင်ပြီး ကျပ် ၄၅ ဘီလီယံကျော် ပမာဏရှိတဲ့ လုပ်ငန်းသစ် ကိုးခုကို စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုတို့မှာ ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့ပါတယ်။

အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၂၉၅ သန်းနဲ့ ကျပ် ၄၅,၅၀၂ ဒသမ ၉၇၈ သန်း ရင်းနှီးမြှုပ်နှံမှုတွေကနေ အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၄၁၁၉ ဦးကို ဖန်တီးပေးနိုင်မယ်လို့လည်း သိရပါတယ်။

ခွင့်ပြုလိုက်တဲ့ လုပ်ငန်းတွေထဲမှာ လျှပ်စစ်သုံးနှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ်နဲ့ မော်တော်ယာဉ်အမျိုးမျိုး တပ်ဆင် ထုတ်လုပ်ခြင်း၊ ပညာရေးဝန်ဆောင်မှု၊ စားသောက်ကုန်ထုတ်လုပ်ငန်းတွေနဲ့ အထည်ချုပ်လုပ်ငန်းတွေ ပါဝင်ကြောင်း ကော်မရှင်ကနေ သိရပါတယ်။

၂၀၂၅ ခုနှစ် နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံထားတဲ့ နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုထဲမှာ စင်ကာပူနိုင်ငံက ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်ထားပြီး စီးပွားရေးကဏ္ဍ ၁၂ ခုထဲမှာ ၂၈ ဒသမ ၂၈ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အားကဏ္ဍမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံထားပါတယ်။

ကော်မရှင်အနေနဲ့ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်တွေကို စိစစ်ခွင့်ပြုခြင်းနဲ့ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့အညီ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရှိရပါတယ်။

**Source: BETV Business**

## တစ်ပတ်အတွင်း သီးနှံဈေးကွက် သုံးသပ်ချက် ( ၁. ၁၂.၂၀၂၅ မှ ၅.၁၂. ၂၀၂၅)

**မတ်ပဲ**

ယခုအပတ်မှာတော့ မတ်ပဲက တစ်တန်ကို ၂၇ သိန်း ကျော်အထက် အမြင့်ဈေးတန်းမှာပဲ ဆက်ရှိနေပါတယ်။ FAQ ဈေးကလည်း အမေရိကန်ဒေါ်လာ ၇၁၅ မှ ၇၂၅ အတွင်းထိ ပြန်လည်မြင့်တက်လာတာ တွေ့ရပါတယ် ။မတ်ပဲ ဝယ်လိုအား ရှိနေတဲ့အတွက် ဈေးပြန်တက်လာတာ ဖြစ်တယ်လို့သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ တနင်္လာနေ့က ၂,၇၂၅,၀၀၀၊ အင်္ဂါ နေ့မှာ ၂,၇၁၂,၀၀၀ ၊ ဗုဒ္ဓဟူးနေ့နဲ့ ကြာသပတေးနေ့မှာတော့ ၂,၇၁၀,၀၀၀ ကျပ် ၊ သောကြာနေ့မှာ ၂,၇၃၂,၀၀၀ ကျပ် အသီးသီးဈေးရှိပါတယ်။အရင်အပတ်က မတ်ပဲ FAQ တစ်တန်ကို ၂,၆၆၂,၀၀၀ ကျပ်မှ အမြင့်ဆုံး ၂,၇၆၀,၀၀၀ ကျပ် အထိရှိခဲ့ပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံနီကတော့ ကျရိပ်ပြပေမဲ့ တစ်တန်ကို ၂၅ သိန်းကျော်မှာပဲ ဆက်ရှိနေပါတယ်။ ပြည်ပဝယ်လိုအား နည်းသွားတဲ့အပြင် FOB ဈေးလည်း ကျပါတယ်။ ပြည်တွင်းမှာတော့ ပဲအဟောင်းလက်ကျန်သိပ်မရှိတော့ဘဲ မိုးပဲအသစ်တွေ ဈေးကွက်ထဲ ဝင်ရောက်မှုရှိနေတယ်လို့ သိရပါတယ် ။

FOB ဈေးနှုန်းက အခုတစ်ပတ်မှာ ၅ ဒေါ်လာ ထပ်ကျသွားပြီး အမေရိကန်ဒေါ်လာ ၆၆၀ မှ ၆၇၀ အတွင်းသာ ရှိပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ တနင်္လာနေ့က ၂,၅၅၅,၀၀၀၊ ဗုဒ္ဓဟူးနေ့မှာ ၂,၅၂၀,၀၀၀ နဲ့ ကြာသပတေးနေ့မှာ ၂,၅၃၀,၀၀၀ ကျပ် သောကြာနေ့မှာတော့ ၂,၅၄၀,၀၀၀ ဈေးရှိပါတယ်။အရင်အပတ်က တနင်္လာနေ့ကနေ သောကြာနေ့ အတွင်း ပဲစင်းငုံနီတစ်တန်ကို ၂,၅၄၅,၀၀၀ မှ ၂,၅၉၅,၀၀၀ ကျပ်ရှိခဲ့ ပါတယ်။

**ပြောင်းဆန်**

ပြောင်းကတော့ ပြည်ပဝယ်လိုအားရှိနေတဲ့အပြင် ထိုင်းကို အခွန်ကင်းလွတ်ခွင့်နဲ့ တင်ပို့ခွင့်ကာလ နီးလာတာကြောင့် ဈေးတက်လာပါတယ်။ ဒါကြောင့် ကုန်သည်တွေက အရည်အသွေးကောင်းတဲ့ ပြောင်းဆန်အခြောက်တွေကို ဝယ်ယူမှု အားကောင်းနေပါတယ်။ ပြည်တွင်းအစာစပ်စက်ရုံနဲ့ မွေးမြူရေးကဏ္ဍတွေကလည်း ဝယ်လိုအားရှိနေတယ်လို့ သိရပါတယ်။ ရန်ကုန်ဘုရင့်နောင် ဈေးကွက်မှာ ပြောင်းဆန်တစ်ပိဿာကို ၁၄၄၀ မှ ၁၄၆၀ ကျပ် ရှိနေတယ်လို့သိရပါတယ် ။

**ပဲကြီး**

ပြည်တွင်း ပဲမျိုးစုံဈေးကွက်မှာ ပဲကြီးက ဈေးတက်လာတာတွေ့ရပါတယ်။ ပဲကြီးက လက်ကျန်ပမာဏနည်းနေပြီး ပြည်တွင်းဝယ်လိုအားကောင်းတဲ့အတွက် ဈေးနှုန်းမြင့်လာတာဖြစ်ပါတယ်။ အရောင်းအဝယ်လည်း သွက်နေတယ်သိရပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာ ပဲကြီး ( က) ၅၅.၂၅ ပိဿာကို ၆၅၀,၀၀၀ မှ ၆၈၀,၀၀၀ ကျပ်ရှိပြီး အရင်အပတ်ကထက် ၃၀,၀၀၀ မှ ၅၀,၀၀၀ ကျပ် ဈေးတက်လာပါတယ် ။ ပဲကြီး ( လ) က ၅၈၀,၀၀၀ မှ ၆၀၀,၀၀၀ ကျပ်ရှိပြီး အရင်အပတ်ကထက် ၂၀,၀၀၀ မှ ၃၀,၀၀၀ ကျပ်အတွင်း တက်လာပါတယ်။ ပဲ (သ) ကတော့ ၄၈၀,၀၀၀ မှ ၅၂၀,၀၀၀ ကျပ်ရှိပါတယ်။

**Source: AMIA**

https://t.me/htwettoe

## ပြည်တွင်းလက်ကျန် လျော့နည်းသဖြင့် ပဲကြီးဈေးမာလာ

**ပဲကြီးဈေး**




ပြည်တွင်းအဓိကစားသုံးသည့်ပဲကြီး ဈေးမာနေသည်။ ပြည်ပရောင်းချသည့် (FOB) ဈေးနှင့် မန္တလေးဈေးကွက်တွင် ပဲကြီးဈေးမြင့်တက်လာသော်လည်း ရန်ကုန်ဈေးကွက်တွင် ဈေးငြိမ်နေသည်။

လက်ရှိ ပဲကြီးက အသစ်မပေါ်မီ ပြည်တွင်းလက်ကျန် လျော့နည်းသဖြင့် ဈေးမာလာခြင်းဖြစ်သည်။ ပဲကြီးကို ပြည်တွင်းစားသုံးမှုသာမက ပဲကြော်၊ ပဲလှော်လုပ်ငန်းများကလည်းဝယ်အားရှိနေသည်။ ယခုရက်သတ္တပတ် ရန်ကုန်ဈေးကွက်တွင် ပဲကြီး ပြည်ပရောင်းချသည့်ဈေးက( FOB )တစ်တန်လျှင် ဒေါ်လာ ၁,၀၇၀ – ၁,၀၈၀မှ ၁,၁၀၅ – ၁,၁၁၅ သို့ ဈေးပြောင်းလဲသည်။


သို့သော် ပြည်တွင်းဈေးက ပဲကြီး(ကုန်း)2025 crop တစ်ပိဿာလျှင် ကျပ်၆,၉၅၅/၇,၈၃၀ ၊ ပဲကြီး(ရွှေကျွန်း) တစ်ပိဿာလျှင် ကျပ် ၈,၈၄၅/၁၀,၆၂၀ ဖြင့်ဈေးငြိမ်နေသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးဈေးကွက်တွင် ပဲကြီးဈေးက အမျိုးအစားအလိုက် ဈေးမြင့်တက်သည်။ ပဲကြီး(ကြီး)က တစ်တန်လျှင် ကျပ် ၆,၉၈၀,၀၀၀ ကျော်မှ ၇,၅၃၀,၀၀၀ ကျော်၊ ပဲကြီး(လတ်)တစ်တန်လျှင် ကျပ် ၆,၃၁၀,၀၀၀ကျော် မှ ၆,၆၅၀,၀၀၀ ကျော်ဈေးမြင့်တက်လာသည်။ သို့သော် ပဲကြီး(သေး)ကတစ်တန်လျှင်ကျပ် ၅,၈၇၀,၀၀၀ မှ ၅,၇၆၀,၀၀၀ကျော် ဈေးကျသည်။

AMIA အစိမ်းရောင်လမ်းမှ ကူးယူဖော်ပြပါသည်။

Source: green_way

## ကုန်သွယ်မှုညွှန်းကိန်း ကျဆင်းလာသည်နှင့်အမျှ ကုန်စည်ကုန်သွယ်မှု တိုးတက်မှုသည် သက်မှတ်ချက်အောက် ကျဆင်းမည်ဟုခန့်မှန်း




ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ နောက်ဆုံးထုတ်ပြန်ချက်အရ ၂၀၂၅ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် ကုန်စည်ကုန်သွယ်မှု တိုးတက်နှုန်း နှေးကွေးလာခြင်းကြောင့် အကောက်ခွန်တိုးမြှင့်မှုများမတိုင်မီ သွင်းကုန်များကို ကြိုတင်တင်သွင်းခြင်းနှင့် AI နည်းပညာဆိုင်ရာ ဆက်စပ်ထုတ်ကုန်များအပေါ် ပထမနှစ်ဝက်တွင် ဝယ်လိုအား မြင့်တက်လာခဲ့သည်။

အထက်ဖော်ပြပါဇယားတွင် အပြာရောင်မျဉ်းဖြင့် ဖော်ပြထားသော အညွှန်းကိန်းသည် စက်တင်ဘာလအတွင်း ၁၀၁ ဒသမ ၈ သို့ ကျဆင်းခဲ့ပြီး ဇွန်လတွင် ၁၀၂ ဒသမ ၂ မှ ကျဆင်းခဲ့ပါသည်။ ဒုတိယသုံးလပတ်အတွင်း ကုန်စည်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်မှုများကို ကိုယ်စားပြုသည့် သုံးလပတ် ကုန်သွယ်မှုပမာဏ ညွှန်းကိန်းသည် (အနက်ရောင်မျဉ်း) အောက်တွင် ရှိနေသည်။ ပုံမှန်အားဖြင့် နှစ်လမှ သုံးလအထိ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်မှုများကို ခန့်မှန်းထားသည့် ကုန်သွယ်မှုညွှန်းကိန်းသည် ၎င်း၏ အခြေခံတန်ဖိုး ၁၀၀ အထက်တွင် ရှိနေသောကြောင့် စတုတ္ထသုံးလပတ်တွင် ကုန်သွယ်မှုပမာဏသည် ပိုမိုလျော့နည်းစွာ တိုးတက်လာနိုင်သော်လည်း လမ်းကြောင်း အထက်တွင် ရှိနေမည်ဟု အကြံပြုထားသည်။

ကုန်စည်ကုန်သွယ်မှုညွှန်းကိန်းသည် ကမ္ဘာ့ကုန်သွယ်မှုအတွက် ညွှန်းကိန်းတစ်ခုဖြစ်ပြီး လတ်တလော ကုန်သွယ်မှု အလားအလာနှင့်နိုင်းယှဉ်ပါက ကုန်စည်ရောင်းဝယ်မှု ဦးတည်ရာကို အချိန်နှင့်တပြေးညီ အချက်အလက်များကို ထုတ်ပြန်ပေး ပါသည်။ ကုန်သွယ်မှုညွှန်းကိန်းတန်ဖိုးများ ၁၀၀ ထက်ကျော်လွန်နေပါက ကုန်သွယ်မှုပမာဏတိုးလာပြီး ကုန်သွယ်မှု ညွှန်းကိန်း တန်ဖိုးများ ၁၀၀ အောက် လျော့နည်းနေပါက ကုန်သွယ်မှုပမာဏ ကျဆင်းသွားမည်ဟုညွှန်ပြသည်။

ကုန်သွယ်မှုညွှန်းကိန်း အခြေခံတန်ဖိုး ၁၀၀ အထက်တွင်ရှိနေပြီး စိုက်ပျိုးရေးကဏ္ဍတွင် ၉၈ ဒသမ ၀ သာ ရှိပြီး တစ်သမတ်တည်း ကျဆင်းနေသည်ကိုတွေ့ရသည်။ လေကြောင်းကုန်စည်ပို့ဆောင်ရေး (၁၀၂.၇) နှင့် ကွန်တိန်နာသင်္ဘော ပို့ဆောင်ရေး (၁၀၁ ဒသမ ၇) အတွက် ညွှန်းကိန်းများသည် ပြီးခဲ့သည့်သုံးလအတွင်း ၎င်းတို့၏ တန်ဖိုးများကျဆင်းသွားပြီး ကမ္ဘာတစ်ဝှမ်းရှိ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အရှိန်လျော့နည်းလာကြောင်း ညွှန်ပြနေသည်။ တစ်ချိန်တည်းမှာပင် မော်တော်ကားထုတ်ကုန်များ (၁၀၃ ဒသမ ၀) နှင့် အီလက်ထရွန်းနစ်အစိတ်အပိုင်းများ (၁၀၂ ဒသမ ၀) အတွက် ညွှန်းကိန်း များသည် မပြောင်းလဲဘဲ ပုံသေရှိနေခဲ့သည်။

၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်း ကုန်စည်ကုန်သွယ်မှုသည် မျှော်မှန်းထားသည်ထက် ပိုမိုတိုးတက်ပြီး ယခင်နှစ်ထက် ၄ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ သို့သော် အကောက်ခွန်နှုန်းထားများ မြင့်တက်လာမှုနှင့် ကုန်သွယ်ရေးမူဝါဒဆိုင်ရာ မသေချာမှုတို့ကြောင့် ဒုတိယနှစ်ဝက်တွင် စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးလာခဲ့သည်။ AI နှင့်ဆက်စပ်သော ထုတ်ကုန်များ အတွက် ဝယ်လိုအား ဆက်လက်တိုးနေပါက ကုန်စည်ကုန်သွယ်မှု သိသိသာသာ မြင့်တက်နိုင်သည့် အလားအလာရှိသည်။

**ရင်းမြစ်။** https://www.wto.org/

**source:** https://commerce.gov.mm

https://myantrade.gov.mm/article/naypyitaw_09122025%201340

## ဖိလစ်ပိုင်နိုင်ငံမှ ဆန်တင်သွင်းမှုရပ်ဆိုင်းမှုကြောင့် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု ၁၁ ဒသမ ၅ ရာခိုင်နှုန်း နီးပါးကျဆင်းဖွယ်ရှိ

ဖိလစ်ပိုင်သို့ တင်ပို့မှုသိသိသာသာကျဆင်းမှုကြောင့် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ယခုနှစ်တွင် ၁၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းကာ မက်ထရစ်တန်ချိန် ၈ သန်းခန့်သာရှိတော့မည်ဟု နိုင်ငံ၏ စားနပ်ရိက္ခာအသင်း ဥက္ကဋ္ဌက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံပြီးလျှင် ကမ္ဘာ့တတိယအကြီးဆုံးဆန်တင်ပို့သူဖြစ်ပြီး ၎င်း၏အဓိက ဈေးကွက်များမှာ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် အာဖရိကတို့ဖြစ်ကြောင်းဖော်ပြထားပါသည်။

ဒေသခံလယ်သမားများ၏ အကျိုးစီးပွားကာကွယ်ရန်အတွက် မနီလာက စက်တင်ဘာလတွင် ဆန်တင်သွင်းမှုကို ပိတ်ပင်ပြီးနောက် ဗီယက်နမ်သည် ၎င်း၏အကြီးဆုံးဈေးကွက်ဖြစ်သော ဖိလစ်ပိုင်သို့တင်ပို့မှုမှာ ရပ်တန့်သွားခဲ့ကြောင်း၊ ဆန်တင်ပို့မှုကန့်သတ်ချက်သည် ယခုနှစ်ကုန်အထိ ကြာမြင့်မည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

အဆိုပါကန့်သတ်ပိတ်ပင်မှုကို ဆက်လက်သက်တမ်းတိုးဖွယ်ရှိကြောင်း ဗီယက်နမ်စားနပ်ရိက္ခာအသင်းဥက္ကဋ္ဌ Mr. Do က ပြောကြားခဲ့ပါသည်။ ဗီယက်နမ်၏ အကောက်ခွန်ဒေတာများအရ ယခုနှစ် ၁၀ လအတွင်း ဗီယက်နမ်မှ ဖိလစ်ပိုင်သို့ ဆန်တင်ပို့မှု သည် ၂၀၂၄ ခုနှစ် အလားတူကာလထက် ၁၈ ဒသမ ၅ ကျဆင်းကာ တန်ချိန် ၂ ဒသမ ၉၆ သန်းသာရှိတော့ကြောင်း Mr. Ha Nam က Reuters ကို ပြောကြားခဲ့ကြောင်း သိရှိရ ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ဆန်ဝယ်လိုအား မြင့်မားနေဆဲဖြစ်ပြီး ဗီယက်နမ်နိုင်ငံသည် အရည်အသွေးမြင့်ဆန်ထုတ်လုပ်မှုကို အာရုံစိုက်ဆောင်ရွက်လျက်ရှိပြီး အခြားဈေးကွက်များသို့ တင်ပို့မှုကိုမြှင့်တင်ရန်ကြိုးပမ်းသွားမည်ဟု Mr. Nam ကပြောကြား

ခဲ့သည်။ အရည်အသွေးမြင့် ဆန်ဈေးကွက်တွင် ၎င်းတို့အနေဖြင့် ပြင်းထန်သောယှဉ်ပြိုင်မှုနှင့် ရင်ဆိုင်ရခြင်းမရှိကြောင်း Mr. Nam က ပြောကြားခဲ့ပြီး ပို့ကုန်များကို တစ်နှစ်လျှင် တန်ချိန် ၈ သန်းမှ ၉ သန်းအထိ တင်ပို့နိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ရေရှည်တွင် အစိုးရသည် ဆန်တင်ပို့မှုကိုလျှော့ချရန်နှင့် ဈေးကွက်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် အခြားသီးနှံများစိုက်ပျိုးရေးအတွက် မြေယာကိုအသုံးပြုရန် အစီအစဉ်ရှိကြောင်း Mr. Nam က ပြောကြားခဲ့သည်။ ဗီယက်နမ်၏ စပါးကျီဖြစ်သော မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကြောင့် လယ်သမားအချို့သည် ပုစွန်မွေးမြူရေးနှင့် အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးခဲ့ကြကြောင်း ဖော်ပြထားပါသည်။

**Source:** **https://www.bangkokpost.com/business/general/3148600/vietnam-2025-rice-exports-seen-falling-115-on-philippines-import-ban**

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)**

## STOCK EXCHANGE (10.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Dec. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,629 (Shares) | 46,513,250 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 667 | 5,736,200 | 33,109,694 | 284,743 |
| MTSH | 00002 | 3,650 | -100 | -2.67% | 3,700 | 3,700 | 3,650 | 46 | 169,650 | 38,929,150 | 142,091 |
| MCB | 00003 | 8,100 | -200 | -2.41% | 8,000 | 8,500 | 7,900 | 4,022 | 32,682,100 | 10,400,986 | 84,248 |
| FPB | 00004 | 2,350 | +50 | +2.17% | 2,300 | 2,350 | 2,300 | 828 | 1,945,400 | 29,664,613 | 69,712 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 306 | 505,200 | 19,977,223 | 33,961 |
| AMATA | 00007 | 3,650 | +0 | +0.00% | 3,650 | 3,650 | 3,650 | 34 | 124,100 | 10,497,598 | 38,316 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 1,726 | 5,350,600 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 5th Dec. 2025

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 405.76 | -2.38 | -0.58% | 405.45 | 407.44 | 404.13 | 7,629 | 46,513,250 | 8 | 765,336 |

Index chart



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Dec. 2025

| Trading Volume | Trading Value |
|---|---|
| 8,629 (Shares) | 49,163,250 (MMK) |

### Main Board

As of 1:00 pm, 5th Dec. 2025

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,629 (Shares) | 46,513,250 (MMK) |

| MYANPIX | 405.76 ▼ 2.38 |
|---|---|
| Total Volume (shares) | 7,629 |
| Total Value (MMK) | 47 mil |
| Listed Company | 8 |
| Market Cap. (MMK) | 765,336 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,650 | ▼ 100 |
| MCB | 00003 | 8,100 | ▼ 200 |
| FPB | 00004 | 2,350 | ▲ 50 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 3,650 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |

TIR

TIR